ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project




ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)

## Village Development Plan(VDP)

လွိုင်ကော်မြို့နယ်၊ လောပိတကျေးရွာအုပ်စု၊ ကျောက်တောင်ကျေးရွာ


အကြောင်းအရာ စာမျက်နှာ


၁။ မြို့နယ်ပြမြေပုံ ၃
၂။ အုပ်စုမြေပုံ ` ၄
၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ၅
၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) ၆
၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)
အကျဉ်းချုပ်ဇယား ၇
၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ ၈
၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် ၉
၈။ ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ ၁၀
၉။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် ၁၁
၁၀။ ရာသီခွင်ပြဇယား ၁၂
၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် ၁၃
၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု ၁၄
၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် ၁၆
၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) ၁၇
၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) ၁၈
၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ ၁၉
၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် ၂၀
၁၈။ ကော်မတီဝင်များစာရင်း ၂၂
၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) ၂၄
၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) ၂၇
၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ၂၉
၂၂။ အစည်းအဝေးမှတ်တမ်းများ ၃၁
၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ၃၂
၂၄။ ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား ၃၄
၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ ၃၅



လွိုင်ကော်မြို့နယ်
N
ရှမ်းပြည်နယ်
စကေး – ၁လက်မ = ၄မိုင်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# လောပိတကျေးရွာအုပ်စုမြေပုံ



# ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | လောပိတ | ဆိုလစယ် | |
| ၂။ | | အမှတ်(၁) | |
| ၃။ | | (၉)မိုင် | |
| ၄။ | | (၁၀)မိုင် | |
| ၅။ | | မိုက်ကန်း | |
| ၆။ | | လောကထုကွက်သစ် | |
| ၇။ | | လောကထု | |
| ၈။ | | ရှမ်းကွက်သစ် | |
| ၉။ | | ဒေါဲစဲ | |
| ၁၀။ | | ကန်နီ | |
| ၁၁။ | | လောပိတရှမ်း | |
| ၁၂။ | | လောပိတ | |
| ၁၃။ | | လောခလေး | |
| ၁၄။ | | ကျောက်တောင် | |
| ၁၅။ | | ခမ္ဘစကြာ | |
| ၁၆။ | | ပဒေါင်ကုန်း | |
| ၁၇။ | | ပရဟိတ | |
| ၁၈။ | | လေးအိမ်စု | |
| ၁၉။ | | | |

လူထုဗဟိုပြုစီမံကိန်းမှလူထုပူးပေါင်းပါဝင်သောနည်းဖြင့်ဒုတိယနှစ်စီမံကိန်းမိတ်ဆက်အစည်းအဝေး

(၂၀၁၇-၂၀၁၈ ) ခုနှစ်

ကျေးရွာအုပ်စုအမည် - လောပိတ။ ကျေးရွာအမည် -ကျောက်တောင်။ ရက်စွဲ-၂၄.၁၀.၂၀၁၇။

၁။ကျေးရွာသမိုင်းကြောင်း

ကျောက်တောင်ကျေးရွာသည်လွိုင်ကော်မြို့နယ်၊လောပိတကျေးရွာအုပ်စုတွင်တည်ရှိပါသည်။၁၉၆၄ခုနှစ်တွင်မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းစတင်တည်ထောင်ခြင်းဖြင့်ဝန်ထမ်းအိမ်ယာ(၂)အိမ်ဖြင့်စတင်တည်ထောင်ခဲ့ပါသည်။တောင်ယာစိုက်ပျိုးခြင်းဖြင့်စားဝတ်နေရေးကိုဖြေရှင်းကြသည်။ဗမာလူမျိုးများသာနေထိုင်ကြသည်။ဗုဒ္ဓဘာသာကိုသာသက်ဝင်ကိုးကွယ်ယုံကြည်ကြပါသည်။ယခုတွင်ကျေးရွာ၌အိမ်ခြေပေါင်း(၁၂၃)အိမ်ရှိပြီးဗမာလူမျိုး(၁၀၉)အိမ်၊ကယားလူမျိုး(၆)အိမ်တို့ရှိပါသည်။ကျေးရွာတွင်အမျိုးသား(၂၇၉)ဦးနှင့်အမျိုးသမီး(၂၆၀)ဦးရှိပါသည်။စားဝတ်နေရေးအတွက်တောင်ယာစိုက်ပျိုးခြင်းနှင့်ကျောက်တောင်တွင်ကျောက်ထု၊ကျောက်တင်၊ကျောက်ချခြင်း၊ပန်းရံ၊လက်သမားလုပ်ခြင်းတို့ဖြင့်အသက်မွေးဝမ်းကြောင်းပြုကြပါသည်။တောင်ယာများတွင်ပြောင်းဖူး၊ပဲစဉ်းငုံနှင့်ငှက်ပျောကိုသာအဓိကစိုက်ပျိုးကြသည်။

သောက်သုံးရေကိုရွာနှင့်(၂)မိုင်အကွာရှိသဘာဝစမ်းရေတွင်ကန်နီ၊ဒေါ်စဲရွာတို့နှင့်ပူးပေါင်းပြီးသွယ်ယူကြသည်။လျှပ်စစ်မီးကို၂၄နာရီရရှိပြီးဖြစ်သောကြောင့်တီဗွီ၊ရေခဲသေတ္တာ၊လျှပ်စစ်ထမင်းအိုး၊ဟင်းအိုးများဝယ်ယူသုံးစွဲကြသည်။ယခင်ကတည်းကသစ်တောများကိုထင်းအဖြစ်ခုတ်ယူသုံးစွဲခြင်း၊မီးသွေးဖုတ်၍အသုံးပြုခြင်းကြောင့်သစ်တောများပြုန်းတီးခဲ့ပါသည်။ပညာရေးအတွက်မူလတန်းကျောင်းကိုရွာနှင့်ကပ်လျက်ရှိသောအမှတ်ခလရ(၇၂)တပ်ရင်းတွင်သွားရောက်ပညာသင်ယူကြသည်။အလယ်တန်းနှင့်အထက်တန်းကိုရွာနှင့်(၂)မိုင်ခန့်ဝေးသောလောပိတရှမ်းရွာနှင့်လောခလေးကျေးရွာတို့တွင်သွားရောက်သင်ယူကြသည်။ဆေးကုသမှုအတွက်လည်းကျန်းမာရေးဌာနခွဲမရှိသောကြောင့်လောပိတရှမ်းရွာနှင့်လောခလေးရွာရှိဆေးရုံ၊ဆေးခန်းသို့သွားရောက်ဆေးကုသမှုခံယူကြသည်။

မှတ်တမ်းတင်သူ

အမည် -ဒေါ်လေးမြာစိန်

ရာထူး-လူထုစည်းရုံးရေးမှူး

# လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ (social Map/ Resource Map) | ၂၄.၀၁.၂၀၁၃ | ရပ်မိ၊ရပ်ဖ ကော်မတီဝင်များ | ၂၆ | ၃၄ | ၆၀ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေ၊မြစ်ချောင်း၊ ရေတွင်းရေကန်သစ်တောများ |
| ၂ | ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက် (Wealth Ranking) | ၂၄.၀၁.၂၀၁၃ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးအုပ်စု | ၂၆ | ၃၄ | ၆၀ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ခြင်း ကျေးရွာသားမျးနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၄.၀၁.၂၀၁၃ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၂၆ | ၃၄ | ၆၀ | အမျိုးသမီးနှင့် အမျိုးသားများ ပိုင်ဆိုင်ပြီး ထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု(သို့) အရင်းအမြစ်များကို သုံးသပ်ခြင်း |
| ၄ | ရာသီခွင်ပြက္ခဒိန် Seasonal Calender | ၂၄.၀၁.၂၀၁၃ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၂၆ | ၃၄ | ၆၀ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ ဝင်ငွေထွက်ငွေ၊မွေးမြူရေးလုပ်ငန်းများ၊ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၄.၀၁.၂၀၁၃ | အမျိုးသား၊ အမျိုးသမီးများ | ၂၆ | ၃၄ | ၆၀ | အမျိုးသား၊အမျိုးသမီးများ ဘတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ(Venn Diagram) | ၂၄.၀၁.၂၀၁၃ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီထောက်အဖွဲ့ | ၂၆ | ၃၄ | ၆၀ | ကျေးရွာတွင်ရှိအဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |

ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း

မြို့နယ် -လှိုင်ကော်.. ။ကျေးရွာအုပ်စု လောပိတ..။ကျေးရွာ -ကျောက်တောင်...။ရက်စွဲ ...၂၄.၁၀.၂၀၁၇။




ပါဝင်ဆွေးနွေးသူ

ကျား -၂၆ဦး

မ -၃၄ဦး

မှတ်တမ်းတင်သူ

အမည်-ဒေါ်လေးမြာစိန်

ရာထူး-လူထုစည်းရုံးရေးမှူး

# လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ

ကျောက်တောင်ကျေးရွာသည်ကယားပြည်နယ်၊လွိုင်ကော်မြို့၊လောပိတအုပ်စုတွင်ပါဝင်ပြီးလွိုင်ကော်မြို့၏အရှေ့ဘက် ( ၁၂ ) မိုင်တွင်တည်ရှိပါသည်။လောပိတလမ်းမကြီးမှ (၄) အကွာတွင်တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင်လောပိတကျေးရွာ၊မြောက်ဘက်တွင်ရှမ်းရွာ၊အနောက်မြောက်ဘက်တွင်ဒေါ်စဲကန်နီကျေးရွာစသည့်ကျေးရွာများနှင့်ထိစပ်လျက်ရှိပါသည်။ကျေးရွာ၏တောင်ဘက်နှင့်အနောက်ဘက်တွင်တောင်ယာခြံနှင့်ဂူ၂ခုလရတပ်တည်ရှိပါသည်။ကျောက်တောင်ကျေးရွာသည်အိမ်ခြေ (၁၂၃) ရှိပါသည်။အများစုမှာဗမာလူမျိုးဖြစ်ကြပြီး ကယားလူမျိုး အနည်းငယ်ရှိပါသည်။ကယားလူမျိုး(၆)အိမ်ရှိပြီးလူမျိုးရော (၈)အိမ်ရှိသည်။တစ်ရွာလုံးဗုဒ္ဓဘာ သာကိုကိုးကွယ်ကြသောကြောင့်စေတီ၊ဘုန်းကြီးကျောင်းလည်းရှိသည်။

အဓိကလုပ်ကိုင်စားသောက်သည့်လုပ်ငန်းမှာတောင်ယာစိုက်ပျိုးခြင်းနှင့်ကျောက်တောင်ထုခွဲသည့်လုပ်ငန်းများဖြစ်သည်။တောတောင်ကို အမှီပြုပြီး တောင်ယာစိုက်ပျိုးခြင်း ၊ ထင်းများ ၊ဝါးများ ၊သစ်များကို လည်းမိသားစုအတွက် အသုံးပြုကြပါသည်။တောင်ယာတွင်ပြောင်းဖူး၊ပဲစင်းငုံ၊ငှက်ပျော်သီးတို့ကိုစီးပွားဖြစ်စိုက ်ပျိုးကြပြီးစပါး၊ဖရုံသီး၊ငရုတ်သီး၊သခွားသီး၊ပဲအမျိုးမျိုးစသည့်သီးနှံများကိုစားသုံးရန်အတွက်သာစိုက်ပျိုးကြသည်။ကျောက်တောင်ကိုအမှီပြု၍ကျောက်ထုခြင်း၊ကျောက်ခွဲခြင်းတို့ဖြင့်ဝမ်းစာရှာဖွေကြသည်။ကျေးရွာ၏မွေးမြူရေးအနေဖြင့်ကြက်၊ဝက်တို့ကိုမိသားစုတစ်ပိုင်တစ်နိုင်မွေးမြူကြပြီးနွားကိုခိုင်းစေရန်အတွက်မွေးမြူကြသည်။ကျေးရွာတွင်စာသင်ကျောင်းမရှိသေးပါ။မူလတန်းကိုရွာနှင့်ကပ်လျက်ရှိသောခ.လ.ရ (၇၂) စစ်တပ်တွင်သွားရောက်သင်ယူကြရပြီး အလယ်တန်းနှင့်အထက်တန်းကိုလောပိတာရှမ်းရွာနှင့်လေခလေးရွာသို့သွားရောက်ပညာသင်ယူကြရသည်။မူကြိုကျောင်းလည်းမရှိသေးပါ။ကျေးရွာအတွင်းစာသင်ကျောင်းများမရှိသေးသော်လည်းကျေးရွာအတွင်းမှကျောင်းဆရာမ (၁၃)ဦး၊တက်ဆဲ (၂)ဦးရှိပြီဆေးကျောင်းတက်ဆဲ (၁)ယောက်ရှိပြီး၊ကျန်းမာရေးဌာနမှူကြီးကြပ် -၂ (၂)ဦး၊အင်ဂျင်နီယာ (၃)ဦးရှိပါသည်။ထို့ကြောင့်စာသင်ကျောင်းမရှိသေးသော်လည်းပညာတတ်များထွန်းကားနေသည်ကိုတွေ့ရှိရပါသည်။အကယ်၍စာသင်ကျောင်းရှိခဲ့ပါကပညာတတ်များပိုမိုထွန်းကားလာနိုင်မည်။ကျေးရွာတွင်ဆေးကုသရန်အတွက်ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသေးပါ။ကျန်းမာရေးအတွက်ဆေးကုသခြင်းကိုလောခလေးတိုက်နယ်ဆေးရုံနှင့်လောပိတရှမ်းရွာကျေးလက်ကျန်းမာရေးဌာနခွဲသို့သွားရောက်ပြသရပါသည်။အရေးပေါ်လူနာအတွက်လွိုင်ကော်ဆေးရုံသို့သွားရောက်ကုသကြရပါသည်။ကျေးရွာမှလောခလေးတိုက်နယ်ဆေးရုံးသို့သွားလျှင် (၁)မိုင်ခွဲခန့်ဝေးကွာ၍ကြာမြင့်ပါသည်။မသန်စွမ်း၊မုဆိုးမနှင့်ဆင်းရဲသူများအတွက်သွားလာရန်ခက်ခဲသောကြောင့်ကျေးရွာအတွင်းကျေးလက်ဆေးပေးခန်းရှိလျှင်ပိုမိုအဆင်ပြေမည်။

ကျေးရွာတစ်ရွာလုံးအနေဖြင့်ကျေးရွာအတွင်းရွာလမ်းကြားများအားလုံးမြေသားများလမ်းများဖြစ်ပြီးကျောက်ချောလမ်း(၁)လမ်းကတ္တရာလမ်း(၁)လမ်းသာရှိသည်။ကတ္တရာလမ်းမှာပြုလုပ်သည့်ခုနှစ်ကြာခဲ့ပြီးဖြစ်သည့်အတွက်လမ်းများပျက်စီးယိုယွင်းနေပြီဖြစ်သည်။လမ်းများပျက်စီးနေသည့်အတွက်သီးနှံများနှင့်ကျောက်များသယ်ယူပို့ဆောင်ရန်ခက်ခဲပါသည်။ကျေးရွာလူမှုစီးပွားရေးကောင်းမွန်စွာဖွံ့ဖြိုးရန်အတွက်ကျေးရွာတွင်းလမ်းများကောင်းမွန်လာမှသာပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သည်။

# ဥစ္စာဓနအဆင့်ခွဲခြားမှုစံနမူနာပုံစံ

မြို့နယ် -လှိုင်ဘော်။   ကျေးရွာအုပ်စု -လောပိတ။ ကျေးရွာ -ကျောက်တောင်။ ရက်စွဲ -၂၄.၁၀.၂၀၁၇။

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေးအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | တိုက်အိမ်နှစ်ထပ်၊နွားဆိုင်ကယ်၊မြေ(စိုက်ပျိုးရန်)(၅)ကေအထက်။ | ၃ | ၂.၅% |
| အလယ်အလတ် | ပျဉ်ကာအိမ်၊သွပ်မိုး၊ဆိုင်ကယ်ရှိ။ | ၈၀ | ၆၆.၆% |
| ဆင်းရဲ/နွမ်းပါး | လက်လုပ်လက်စား။ | ၃၇ | ၃၀.၉% |
| | | | |
| စုစုပေါင်းအိမ်ထောင်စု | | ၁၂၀ | ၁၀၀% |

**ပါဝင်ဆွေးနွေးသူ-**

ကျား -၂၆ဦး

မ -၃၄ဦး

**မှတ်တမ်းတင်သူ**

အမည်-ဒေါ်လေးမြာစိန်

ရာထူး-လူထုစည်းရုံးရေးမှူး

# ကျောက်တောင်ကျေးရွာဥစ္စခနေကြွယ်ဝမှုပြဇယားသုံးသပ်ချက်


ကျောက်တောင်ကျေးရွာသည်အိမ်ထောင်စု(၁၂၃)အိမ်ခန့်မှီတင်းနေထိုင်ကြပြီးလူဦးရေအနေဖြင့်(၅၃၉)ဦးမှီးတင်းနေထိုင်ကြပါသည်။ကိုးကွယ်ယုံကြည်မှုအနေဖြင့်ကျောက်တောင်ကျေးရွာသည်ဗမာလူမျိုးအများစုနေထိုင်ကြပြီးဗုဒ္ဓဘာသာအဓိကထားကိုးကွယ်ကြသည်။လူမျိုးစုအနေဖြင့်ဗမာလူမျိုး(၈၉%)၊ကယားလူမျိုး(၅%)၊လူမျိုးရော(၆%)နေထိုင်ကြသည်။ကျေးရွာတွင်ဥစ္စာခနေကြွယ်ဝမှုအဆင့်အနေဖြင့်အဆင့်(၃)ဆင့်ရှိပါသည်။

ကျောက်တောင်ကျေးရွာတွင်ချမ်းသာအဆင့်သတ်မှတ်ခံရသောအိမ်ခြေစုစုပေါင်း(၃)အိမ်ရှိပြီး ၄င်းအိမ်များသည်တိုက်နှစ်ထပ်၊သွပ်မိုး၊အပေါ်ပျဉ်၊အောက်ထပ်တိုက်နှင့်အခိုင်အမာတည်ဆောက်ထားပြီးစျေးဆိုင်ဖွင့်ခြင်း၊ကား၊ဆိုင်ကယ်၊ထွန်စက်၊ပြောင်းဖူးချွေစက်၊ကုန်တင်ကား၊တောင်ယာခြံကေ(၂၀)ကေနှင့်လယ်ကေ(၂)ကေပိုင်ဆိုင်ကြပြီးတစ်နှစ်ဝင်ငွေသိန်း(၇၀) ခန့်ရရှိသောအိမ်ထောင်စုများဖြစ်ကြသည်။

ကျောက်တောင်ကျေးရွာတွင်အလယ်အလတ်အဆင့်သတ်မှတ်ခံရသောအိမ်ခြေစုစုပေါင်း(၈၀)အိမ်ခန့်ရှိပြီးတိုက်ပု၊ပျဉ်ထောင်၊သွပ်မိုးတို့ဖြင့်တည်ဆောက်နေထိုင်ကြပြီးဆိုင်ကယ်၊နွားလှည်း၊စက်ဘီး၊ကျောက်တင်ကား၊တောင်ယာခြံကေ(၁၀)ကေပိုင်ဆိုင်ကြပြီးတစ်နှစ်ဝင်ငွေ(၄၀)သိန်းကြားရရှိသောအိမ်ဖြစ်သည်။

ကျောက်တောင်ကျေးရွာတွင်ဆင်းရဲအဆင့်သတ်မှတ်ခံရသောအိမ်ခြေစုစုပေါင်းမှာ (၄၀)အိမ်ရှိပြီးထရံကာ၊သွပ်မိုး(သို့)သက်ကယ်မိုးတည်ဆောက်ထားသောအိမ်ဖြစ်ပြီးဆိုင်ကယ်၊စက်ဘီး၊လက်လုပ်လက်စား၊တောင်ယာခြံအများဆုံး(၁)ကေပိုင်ဆိုင်ကြသောအိမ်ဖြစ်ပါသည်။ဆင်းရဲရသည့်အကြောင်းရင်းမှာအမျိုးသမီးများဦးဆောင်နေရသောအိမ်၊အလုပ်လုပ်ကူရန်လူပိုမရှိခြင်း၊သား/သမီးများပြားခြင်းတို့ကြောင့်ဖြစ်သည်။

အလယ်အလတ်နှင့်ဆင်းရဲသောအိမ်ခြေများပြားရခြင်းသည်အခြားစီးပွားရေးကြီးကြီးမားမားလုပ်ကိုင်မှုမရှိခြင်း၊စိုက်ပျိုးရေးတစ်ခုကိုသာစိုက်ချလုပ်ကြသော်လည်းစိုက်ပျိုးရေးနည်းပညာနှင့်ကောင်းမွန်သောသီးနှံမျိုးစေ့မရှိခြင်း၊စျေးကွက်မရှိခြင်း၊စျေးနှုန်းအတက်အကျမမှန်ခြင်း၊အလုပ်အကိုင်ရှားပါးခြင်း၊လူဦးရေတိုးပွားလာ၍စိုက်ပျိုးမြေနည်းပါးလာခြင်း၊အသိပညာဗဟုသုတနည်းပါးခြင်းတို့ကြောင့်ဖြစ်ပါသည်။ဆင်းရဲနွမ်းပါးသောအုပ်စုကိုကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင်ပါဝင်လာနိုင်ရန်၄င်းတို့အားလပ်သောအချိန်၊အဆင်ပြေသောအချိန်တွင်အစည်းအဝေးများခေါ်ယူခြင်း၊ကျေးရွာဖွံ့ဖြိုးရေးအစဉ်အစီရေးဆွဲခြင်း၊၄င်းတို့အမှန်တကယ်ခက်ခဲနေသောလိုအပ်နေသောလုပ်ငန်းခွဲများအားရွေးချယ်ပေးစေခြင်း၊စီမံကိန်မှရရှိနိုင်သောအခွင့်အရေးများကိုထိုလူနည်းစုအားဦးစားပေးအခွင့်အရေးပေးစေခြင်းဖြင့်၄င်တို့၏အသိပညာဗဟုသုတရရှိလာခြင်း၊အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိလာပြီးစွမ်းဆောင်ရည်ပိုမိုမြင့်မားလာ၍ဝင်ငွေကောင်းမွန်လာခြင်းဖြင့်၄င်းတို့၏အခက်အခဲကိုတစ်ဖက်တစ်လှမ်းမှအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။



ရာသီခွင်ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး 4 | ကဆုန် 5 | နယုန် 6 | ဝါဆို 7 | ဝါခေါင် 8 | တော်သလင်း 9 | သီတင်းကျွတ် 10 | တန်ဆောင်မုန်း 11 | နတ်တော် 12 | ပြာသို 13 | တပို့တွဲ 14 | တပေါင်း 15 |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| စိုက်ပျိုးရေး | မြေပြုပြင် | မြောင်းဖို့မြှုပ် | မြောင်းဖိုက် ပျိုး | ပေါင်းရိုက် | ပေါင်းရိုက် | ပေါင်းရိုက် | မြောင်းပေါင်း ရိုက် | မြောင်းမှုး ရိတ်သိမ်း | မြောင်းမှုး ရိတ်သိမ်း | ပဲစိုက်ခင်း ဆေးဖြန်း | ပဲစိုက်ခင်း ရိတ်သိမ်း | ပဲစိုက်ခင်း ရိတ်သိမ်း |
| ဝင်ငွေ/ထွက်ငွေ | $$ / | $$$ / | $$$$ / | $$ / | $$ / | $$ / | $$ / | $$$$ / | / $$$$ | $$ / | $ / $$$ | $ / $$$ |
| ကျန်းမာရေး | – | – | – | ဝမ်းပျက် ဝမ်းလျှော | – | – | တုတ်ကွေး | – | – | – | တုတ်ကွေး | – |
| ပွဲလမ်းသဘင် | | – | – | | – | – | မီးထွန်းပွဲ | မီးပုံးပျံပွဲ | – | – | – | |
| သောက်သုံးရေ ရရှိမှု | သင့် | သင့် | ကောင်း (မိုးရေ) | ကောင်း (မိုးရေ) | ကောင်း (မိုးရေ) | ကောင်း | သင့် | သင့် | သင့် | သင့် | သင့် | သင့် |
| အစားအစာဖူလုံမှု | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ပါဝင်ဆွေးနွေးသူ

ကျား- ၄ ၂၆

မ- ၃ ၃၄

မှတ်တမ်းတင်သူ

အမည် ဒေါ်လေးမြစိန်

ရွာထူး [illegible]

# ရာသီခွင်သုံးသပ်ချက်

ဗမာလူမျိုးအများဆုံးနေထိုင်ကြသောကျောက်တောင်ကျေးရွာသည်တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းနှင့်ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းကိုအဓိကထားလုပ်ကိုင်ကြပါသည်။တောင်ယာတွင်စပါး၊ပြောင်းဖူး၊ပဲစဉ်းငုံ၊ငှက်ပျောစသည်တိုကိုစီးပွားဖြစ်စိုက်ပျိုးကြသည်။သို့ သော်စိုက်ပျိုးရေးနည်းပညာမသိရှိခြင်း၊အရင်းအနှီးများမရှိခြင်းကြောင့်သီးနှံအထွက်နှုန်းနည်းပါးခြင်း၊ရရှိလာသောသီးနှံနှုန်းဈေးပုံမှန်မရှိခြင်းတို့ကြောင့်စားဝတ်နေရေးတစ်နှစ်စာဖူလုံမှုမရှိပေ။သီးနှံရိတ်သိမ်းပြီးချိန်ဆောင်းရာသီတွင်သာဖူလုံမှုရှိပြီးကျန်သောရာသီတွင်ခြံထွက်သီးနှံများ၊ရာသီအလိုက်ထွက်သောဟင်းသီးဟင်းရွက်များနှင့်သာစားသုံးကြ၍စားဝတ်နေရေးအတွက်ချွေတာစွာသုံးစွဲ၍ဖြေရှင်းနေကြရပါသည်။

ဝင်ငွေအနေနှင့်ရိတ်သိမ်းပြီးသီးနှံရောင်းချချိန်တွင်သာဝင်ငွေရရှိပြီးဝါဆိုလ၊နယုန်လ၊တန်ခူးလ၊ကဆုန်လ၊နတ်တော်လ၊တပို့တွဲလတွင်တောင်ယာဝင်ချိန်ဖြစ်ခြင်း၊ပွဲလမ်းသဘင်များရှိခြင်းတို့ကြောင့်ထွက်ငွေပိုမိုထွက်ပြီးကျန်သောလများတွင်လည်းအနည်းငယ်စီထွက်ငွေရှိသည်။

ကျောက်တောင်ကျေးရွာသည်ဗုဒ္ဓဘာသာကိုသက်ဝင်ကိုးကွယ်ယုံကြည်ကြသောကြောင့်တန်ခူးလတွင်သင်္ကြန်ပွဲ၊ဝါဆိုလတွင်ဝါဆိုသင်္ကန်းကပ်ပွဲ၊သီတင်းကျွတ်လတွင်မီးထွန်းပွဲ၊တန်ဆောင်တိုင်လတွင်ဘုန်းကြီးကျောင်းတက်ပွဲနှင့်တပေါင်းလတွင်ဘုရားပွဲများရှိပါသည်။

ကျောက်တောင်ကျေးရွာ၏(၉၉%)သည်တောင်ယာလုပ်ငန်းကိုလုပ်ကိုင်ကြသောကြောင့်၆လ၊၇လ၊၈လ၊၉လ၊၁၀လ၊၁၁လနှင့်၁၂လပိုင်းများသည်ပြောင်းဖူး၊စပါးနှင့်ပဲစဉ်ငုံများစိုက်ပျိုးခြင်း၊ပေါင်းရှင်းခြင်းနှင့်သီးနှံများပြန်လည်ရိတ်သိမ်းရခြင်းကြောင့်ထိုလများတွင်ကျေးရွာလူထုအနေနှင့်အလွန်အလုပ်များသောလဖြစ်ပါသည်။၁လ၊၂လပိုင်းတွင်လည်းပဲစဉ်းငုံနူးယူရိတ်သိမ်းလျက်ရှိသည်။ရွာလူထုအနေနှင့်အလုပ်ပါးသောလများမှာ၁၊၂၊၃၊၄လပိုင်းနှင့်၅လပိုင်းများတွင်အနည်းငယ်အလုပ်ပါးပါသည်။အလုပ်ပါးသောအချိန်တွင်ကျေးရွာလူထုအနေနှင့်ကျောက်ထုခြင်း၊ကျောက်ခွဲခြင်း၊တောင်ယာခြံရှင်းလင်းခြင်းနှင့်ထင်းခုတ်ခြင်းများလုပ်ကိုင်ကြသည်။

ကျောက်တောင်ကျေးရွာ၏ကျန်းမာရေးအခြေအနေသည်ဝါဆိုလ၊နတ်တော်လတွင်တုပ်ကွေး၊ငှက်ဖျားနှင့်ဝမ်းပျက်ဝမ်းလျောရောဂါများပိုမိုဖြစ်ပွားပြီးရာသီအလိုက်နာစေး၊ချောင်းဆိုးခြင်းစသည့်ရောဂါများလည်းဖြစ်ပွားလျက်ရှိသည်။

သောက်သုံးရေအနေနှင့်မိုးရာသီနှင့်ဆောင်းရာသီတွင်ဖူလုံစွာရရှိပြီးနွေရာသီတွင်ချွေတာစွာသုံးစွဲလျှင်သောက်သုံးရေအနည်းငယ်ဖူလုံမှုရှိသော်လည်းမီးဘေးအန္တရာယ်နှင့်သာရေးနာရေးအတွက်ရေလုံလောက်မှုမရှိပေ။ကျေးရွာလူထုအနေနှင့်အိမ်တိုင်းမိုးရေလှောင်အုတ်ကန်များ၊ရေလှောင်အုတ်ကန်များတည်ဆောက်ထားပြီးမိုးရာသီနှင့်ဆောင်းရာသီတွင်ရေများကြိုတင်လှောင်ထားရန်လိုအပ်ပါသည်။သို့မှသာမီးဘေးအန္တရာယ်၊သာရေးနာရေးအတွက်ပိုမိုအဆင်ပြေမည်ဖြစ်ပါသည်။

# အရင်းအမြစ် သုံးစွဲမှု ပုံစံပြဇယား

| ကျား | ကျား+မ | မ |
|---|---|---|
| ပန်ရံ | တောင်ယာ | ဈေးဆိုင် |
| လက်သမား | ရေကန် | အပ်ချုပ်စက် |
| နွားလှည်း | ကျောက်တောင် | |
| | လမ်း | |
| | ဘုန်းကြီးကျောင်း | |
| | အိမ် | |
| | ဆိုင်ကယ် | |
| | ကား | |
| | စက်ဘီး | |
| | သစ်တော | |

ပါဝင်ဆွေးနွေးသူ

ကျား - ၂၆ဦး

မ - ၃၄ဦး

မှတ်တမ်းတင်သူ

အမည် - ဒေါ်လေးမြာစိန်

ရာထူး - လူထုစည်းရုံးရေးမှူး

## အရင်းအမြစ် သုံးစွဲမှု ပုံစံပြဇယား

| ကျား | ကျား+မ | မ |
|---|---|---|
| ပန်ရုံ | တောင်ယာ | ဈေးဆိုင် |
| လက်သမား | ရေကန် | အပ်ချုပ်စက် |
| နွားလှည်း | ကျောက်တောင် | |
| | လမ်း | |
| | ဘုန်းကြီးကျောင်း | |
| | အိမ် | |
| | ဆိုင်ကယ် | |
| | ကား | |
| | စက်ဘီး | |
| | သစ်တော | |

ပါဝင်ဆွေးနွေးသူ

ကျား - ၂၆ဦး

မ - ၃၄ဦး

မှတ်တမ်းတင်သူ

အမည် - ဒေါ်လေးမြာစိန်

ရာထူး - လူထုစည်းရုံးရေးမှူး


# ပိုင်ဆိုင်မှုသုံးသပ်ခြင်း

ကျောက်တောင်ကျေးရွာတွင်အမျိုးသားများနှင့်အမျိုးသမီးများသည်အရင်းအမြစ်များအပေါ်သုံးစွဲကပြီးထိုအရင်းအမြစ်များအပေါ်ထိန်းချုပ်ကြသည်။နွားလှည်း၊ပြောင်းဖူးချွေစက်၊ကုန်တင်ကား၊လိုင်းကား၊ထွန်စက်၊အိမ်၊ဆိုင်ကယ်၊ကျောက်တောင်၊စက်ဘီး၊တီဗွီ၊ရေကန်၊လူယ်ရိပ်သာ၊တံခွန်တိုင်၊လမ်း၊ဈေးဆိုင်စသည့်အရင်းအမြစ်များကိုအသုံးပြုခြင်းနှင့်၎င်းအရင်းအမြစ်များအပေါ်ဆုံးဖြတ်ချက်ချရာတွင်အမျိုးသမီးများနှင့်အမျိုးသားများသည်တန်းတူညီမျှစွာအသုံးပြုကြပြီး၎င်းအရင်းအမြစ်များပျက်လျှင်ပြုပြင်းခြင်း၊မောင်းနှင်ခြင်းများကိုအမျိုးသားများကသာကိုင်တွယ်ဖြေရှင်းကြပါသည်။

ကျောက်တောင်ကျေးရွာသည်အပ်ချုပ်စက်များကိုအမျိုးသမီးများသုံးစွဲကြပြီးအမျိုးသမီးများကိုယ်တိုင်ထိန်းချုပ်ကြသည်။တောင်ယာခြံများနှင့်သစ်တောများကိုအတူတကွသုံးစွဲကြပြီးတန်းတူထိန်းချုပ်ကြပါသည်။

အမျိုးသားများအရင်းအမြစ်များအပေါ်ကိုင်တွယ်ပြုပြင်ခြင်းကိုအမျိုးသမီးများမကိုင်တွယ်မပြုပြင်နိုင်ရခြင်းမှာအမျိုးသမီးများသည်ရှေးရိုးစွဲအရအမျိုးသားများ၏အလုပ်ဖြစ်ခြင်း၊အမျိုးသားများကိုသာအားကိုးနေခြင်း၊အမျိုးသမီးများ၏စိတ်ထဲအမျိုးသားများ၏အလုပ်ဟုသာထင်မှတ်နေခဲ့ခြင်းကြောင့်ဖြစ်သည်။

အမျိုးသမီးများသုံးစွဲသောအရင်းအမြစ်များကိုအမျိုးသားများကထိန်းချုပ်ပြုပြင်လျှင်အမြဲပြုပြင်ခဲ့သောအရေးမပာတ်၍ပုံစံမကျခြင်း၊စိတ်မရှည်ခြင်းကြောင့်အဆင်မပြေခြင်း၊ကိုင်တွယ်ရခက်ခဲခြင်း၊ပျက်စီးခြင်းစသည်တို့ဖြစ်တတ်ပါသည်။


ပင့်ကူအိမ် သုံးသပ်ခြင်းပုံ
ပါဝင်ဆွေးနွေးသူ
ကျား - ၂၆
မ - ၃၄
မှတ်တမ်းတင်သူ


# ပင့်ကူအိမ်သုံးသပ်ချက်

ဗမာလူမျိုးအများစုနေထိုင်ကြသောကျောက်တောင်ကျေးရွာတွင်အမျိုးသားများနှင့်အမျိုးသမီးများသည်လူမှုရေးလုပ်ငန်းများတွင်အတူတကွပါဝင်နေကြသည်ကိုတွေ့ရှိရပါသည်။အစည်းအဝေးများ၊ပွဲလမ်းသဘင်၊သာရေးနာရေးစသည့်နေရာများတွင်အမျိုးသမီးများသည်အမျိုးသားများထက်တစ်ခါတစ်ရံပိုများနေတတ်ပါသည်။အမျိုးသားများမအားလပ်သောကြောင့်အမျိုးသမီးများအားစေလွှတ်ကြသည်။

သို့သော်ဆုံးဖြတ်ချက်ချခြင်းနှင့်ဦးဆောင်လုပ်ကိုင်ချိန်တွင်အမျိုးသားများကတစ်ဆင့်ပိုသာနေသည်ကိုတွေ့ရှိရပြန်သည်။အဘယ်ကြောင့်ဆိုသော်ဤကျေးရွာသည်ကယားလူမျိုးအများစုနေထိုင်ကြပြီးရှေးရိုးအစွဲကြောင့်အမျိုးသားများကိုသာအရာရာဦးစားပေးခြင်းကဆက်လက်တည်ရှိနေခြင်းကြောင့်ဖြစ်သည်။အမျိုးသမီးသည်ဆုံးဖြတ်ချက်ချရာခြင်းတွင်ယခင်ထက်နိူင်းယဥ်လျှင်တစ်ဆင့်တိုး၍ဦးဆောင်လာကြသည်ကိုတွေ့ရပါသည်။သို့သော်အရာအားလုံးများမဟုတ်ပေ။အိမ်ထောင်ဦးစီးဦးဆောင်မှုနောက်တွင်သာနာခံနာယူနေကြသေးသည်။

ကျောက်တောင်ကျေးရွာတွင်အမွေရပိုင်ခွင့်နှင့်လုပ်အားခရရှိမှုတွင်အမျိုးသားများနှင့်အမျိုးသမီးများသည်တန်းတူရရှိကြပါသည်။အမျိုးသားများသည်အမျိုးသမီးများထက်ဝင်ငွေရရှိမှုပိုများသည်။အဘယ်ကြောင့်ဆိုသော်အမျိုးသမီးများသည်အိမ်မှုကိစ္စတွင်အချိန်ပြည့်အချိန်ပေးနေရခြင်းနှင့်အမျိုးသားများကဲ့သို့စွန်းစားသွားလာမှုအတွက်လုံခြုံမှုမရှိခြင်းတို့ကြောင့်ဖြစ်သည်။အမျိုးသားများသည်အခြားကျေးရွာများ၊မြို့များတွင်လုံခြုံစွာသွားလာနိုင်ခြင်း၊ထိုသို့သွားရောက်လုပ်ကိုင်နိုင်လျှင်လုပ်အားခပိုမိုရရှိနေခြင်းနှင့်ကျေးရွာတွင်ကျန်ရှိခဲ့သောသား/သမီးများအားနောက်ဆံတင်းရန်မလိုသောကြောင့်ဝင်ငွေကိုကောင်းစွာရှာဖွေနိုင်ခြင်းကြောင့်ဖြစ်သည်။

အမျိုးသမီးများအိမ်မှုကိစ္စနှင့်တစ်ဖက်တွင်ဝင်ငွေရရှိစေရန်စက်ချုပ်သင်တန်း၊အချက်အပြုတ်သင်တန်း၊အလှပြင်သင်တန်းစသည့်များကိုပံ့ပိုးပေးခြင်းဖြင့်အမျိုးသမီးများလည်းတစ်ဖက်တစ်လှမ်းမှဝင်ငွေရရှိနိုင်မည်ဖြစ်သည်။ထို့အတူအစည်းအဝေးများကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အမျိုးသမီးများအားဦးစားပေးဆုံးဖြတ်ချက်ချစေခြင်း၊အကြံပြုစေခြင်း၊၎င်းတို့၏အမြင်များကျယ်လာစေရန်အမျိုးသားများမှအခွင့်အရေးပေးခြင်း၊ဦးဆောင်မှုအပိုင်းတွင်လည်းအမျိုးသမီးများနှင့်တွဲခေါ်၍ဦးဆောင်သွားခြင်းဖြင့်အမျိုးသမီးများ၏စွမ်းဆောင်ရည်မြင့်တက်လာနိုင်မည်ဖြစ်သည်။


အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)
Vision Fund
စိတ်တူကိုယ်တူအဖွဲ့
UNDP
ကျေးရွာအုပ်ချုပ်ရေးအဖွဲ့
ဂေါပကအဖွဲ့
ပါဝင်ဆွေးနွေးသူ
ကျား-
မ-
မှတ်တမ်းတင်သူ
အမည် -
ရာထူး -

## ဗင်းပုံစံသုံးသပ်ချက်

ကျောက်တောင်ကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးရေးအတွက်ကျေးရွာတွင်းရှိအဖွဲ့အစည်းနှင့်ကျေးရွာပြင်ပအဖွဲ့အစည်းများချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ကျေးရွာအတွင်းအဖွဲ့အစည်းများမှာအုပ်ချုပ်ရေးအဖွဲ့၊ရပ်မိရပ်ဖအဖွဲ့၊ဂေါပကအဖွဲ့၊စိတ်တူကိုယ်တူအဖွဲ့၊နာရေးကူညီမှုနှင့်လူငယ်အဖွဲ့များဖြစ်ကြပြီးကျေးရွာပြင်ပအဖွဲ့အစည်းများမှာUNDP၊မြစိမ်းရောင်၊၊VisionFund၊လူထုဗဟိုပြုစီမံကိန်းနှင့်ကျေးလက်ဦးစီးဌာနစသည့်အဖွဲ့များဖြစ်ကြသည်။

ကျေးရွာအတွင်းရှိအုပ်ချုပ်ရေးအဖွဲ့၊ရပ်မိရပ်ဖအဖွဲ့၊လူငယ်အဖွဲ့များသည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊သာရေးနာရေးများတွင်လုပ်ဆောင်ကြသည်။

အုပ်ချုပ်ရေးမှူးအဖွဲ့သည်ကျေးရွာဖွံ့ဖြိုးရေးအတွက်အခြားအဖွဲ့အစည်းများနှင့်ချိတ်၍အစည်းအဝေးများ၊သင်တန်းများပြုလုပ်ခြင်းတွင်အဓိကဦးဆောင်လုပ်ကိုင်ပါသည်။အုပ်ချုပ်ရေးအဖွဲ့နှင့်ရပ်မိရပ်ဖအဖွဲ့သည်ကျေးရွာရှိပြဿနာများ၊ပဋိပက္ခများကိုလည်းတာဝန်ယူဖြေရှင်းကြရသည်။

ကျောက်တောင်ကျေးရွာရှိလူငယ်များသည်လည်းကျေးရွာ၏ဖွံ့ဖြိုးရေး၊သာရေးနာရေးအတွက်လူငယ်ဝင်ကြေး(၁)ဦးလျှင်(၅၀၀၀)ကျပ်ဖြင့်ကောက်ခံ၍ရရှိသောလူငယ်ရန်ပုံငွေအားကျေးရွာတွင် (၅)ကျပ်တိုးနှုန်းဖြင့်ပြန်လည်ချေးပေးခဲ့သည်။ထိုရန်ပုံငွေကိုကထိန်ပွဲတွင်ကထိန်သင်္ကန်းလှူခြင်း၊သင်္ကြန်ပွဲတွင်ပြန်လည်အလှူပြုကျွေးမွေးခြင်းနှင့်အခါကြီးများနေ့တွင်သက်ကြီးရွယ်အိုများကိုကန်တော့ခြင်းများပြုလုပ်ပါသည်။ထို့ပြင်ကျေးရွာသန့်ရှင်းရေးအတွက်အမိုက်များကောက်ခြင်းများပေါင်းရှင်းလင်းခြင်းများလည်းပြုလုပ်ပါသည်။

နာရေးကူညီမှုအသင်းသည်လစဉ်တစ်အိမ်လျှင်(၅၀၀)နှုန်းဖြင့်ကောက်ခံပြီးကျေးရွာတွင်(၅)ကျပ်တိုးနှုန်းဖြင့်ပြန်လည်ချေးစေပြီးရန်ပုံငွေရှာဖွေကြသည်။ထိုရန်ပုံငွေများကိုကျောက်တောင်ကျေးရွာရှိနာရေးအသင်းဝင်ထားသောအိမ်မှနာရေးဖြစ်လျှင်ရန်ပုံငွေမှ(၅၀၀၀၀)ကျပ်ထောက်ပံ့ပေးခြင်း၊အရေးပေါ်ဆေးရုံတက်နေလျှင်(၁)သိန်းကျပ်ကိုအတိုးမဲ့ချေးပေးခြင်းများစသည်တို့ကိုကူညီဆောင်ရွက်ကြပါသည်။

ထို့အပြင်ကျေးရွာပြင်ပအဖွဲ့အစည်းတွင်UNDPဖွဲ့သည်၂၀၀၇ခုနှစ်မှ၂၀၁၂ခုနှစ်အထိအုပ်ချုပ်ရေးမှူးနှင့်UNDPမှဖွဲ့စည်းထားသောစိတ်တူကိုယ်တူကော်မတီနှင့်ချိတ်ဆက်၍ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုလုပ်ဆောင်ခဲ့ပါသည်။UNDPမှဆောင်ရွက်ခဲ့သောလုပ်ငန်းများမှာရေ(၁)မိုင်ခွဲသွယ်ယူခြင်း၊အိမ်တိုင်းအတွက်ရေလောင်းအိမ်သာခွက်နှင့်အိမ်သာပိုက်၊သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့ကျစေရန်အတွက်ရည်ရွယ်၍မီးဖိုများပေးခြင်း၊ငွေကြေးမတတ်နိုင်သောအိမ်အတွက်ရေလောင်းအိမ်သာတည်ဆောက်နိုင်ရန်ငွေ(၂၀,၀၀၀)ထောက်ပံ့ခဲ့ခြင်း၊စိတ်တူကိုယ်တူကောမတီများအတွက်ကျောက်ရေစည်၊ရေထမ်းပုံး၊ဆေးဖျန်းပုံး၊မြေသြဇာ၊မျိုးစေ့၊ပိုးသတ်ဆေးစသည်များကိုပံ့ပိုးပေးခြင်း၊ဆေးစိမ်ခြင်ထောင်ပံ့ပိုးပေးခြင်း၊ငွေကြေမတတ်နိုင်သောအိမ်များအတွက်မွေးမြူရေးအတွက်အစာဖိုးနှင့်ခြံဆောက်ရန်အတွက်(၁)ဦးလျှင်(၇၀၀၀၀)ကျပ်နှင့်စိုက်ပျိုးရေးအတွက်မျိုးစေ့နှင် ့ပိုးသတ်ဆေးဝယ်ယူရန်အတွက် (၁)ဦးလျှင်(၁၂၀၀၀၀) ထောက်ပံ့ပေးခြင်းစသည့်များကိုထောက်ပံ့ပေးခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ၂၀၀၉ခုနှစ်တွင်ကျေးရွားလူထုအတွက်ရေကန်(ဂါလံ၁၈၀၀)ဆံ့ရေကန်(၁)ကန်ကိုတည်ဆောက်ပေးခဲ့ပါသည်။

မြစိမ်းရောင်အဖွဲ့သည်၂၀၁၄ခုနှစ်တွင်စတင်ဝင်ရောက်လာခဲ့ပြီးမြစိမ်းရောင်ကော်မတီဝင်များနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့်ချိတ်ဆက်၍ကျေးရွာလူထုစားဝတ်နေရေးအဆင်စေရေးအတွက်အသေးစားလုပ်ငန်း

များလုပ်ကိုင်နိုင်ရန်အတွက်အတိုးကို(၁)ကျပ်တိုးနှုန်းဖြင့်ငွေချေးပေးခြင်းလုပ်ငန်းကိုဆောင်ရွက်ခဲ့ပြီးလက်ရှိအချိန်ထိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

Visionfundအဖွဲ့သည်လည်း၂၀၁၆ခုနှစ်မှယနေ့ထိကျေးရွာလူထုများအသေးစားလုပ်ငန်းများလုပ်ကိုင်နိုင်စေရန်အတွက်(၃)ဦးတစ်ဖွဲ့မှ(၁၅)ဦးတစ်ဖွဲ့ဖွဲ့၍သော်လည်းကောင်း၊(၁)ဦးချင်းအတွက်၄င်း၏လုပ်ငန်းပေါ်မူတည်၍လည်းကောင်း (၂)ကျပ်ခွဲအတိုးနှုန်းဖြင့်ငွေချေးပေးပါသည်။

လူထုဗဟိုပြုစီမံကိန်းသည်၂၀၁၇ခုနှစ်တွင်ဝင်ရောက်လာပြီးအုပ်ချုပ်ရေးမှူးနှင့်ကျေးရွာစီထောက်ကော်မတီများနှင့်ချိတ်ဆက်၍စိမ့်စမ်းရေမှရေကန်ဆောက်လုပ်ပေးပြီးရေပိုက်ပြန်လည်တိုးချဲ့သွယ်ယူခြင်းနှင့်ကျေးရွာတွင်ရေစုကန် (၁)ကန်ကိုဆောက်လုပ်ပေးခဲ့ပါသည်။

အနှစ်ချုပ်အနေနှင့်ကျောက်တောင်ကျေးရွာတွင်ပြင်ပအဖွဲ့အစည်းများသည်အုပ်ချုပ်ရေးမှူးနှင့်ချိတ်ဆက်၍ကျေးရွာဖွံ့ဖြိုးရေးကိုလုပ်ကိုင်ဆောင်ရွက်နေသည်ကိုတွေ့ရှိရပါသည်။ကျောက်တောင်ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGO)များကဏ္ဍမျိုးစုံဖြင့်လာရောက်ထောက်ပံ့ပေးခဲ့သည်။သို့သော်ကျောက်တောင်ကျေးရွာတွင်လက်ရှိလမ်းများနှင့်ခက်ခဲနေပါသေးသည်။

# ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

ကျေးရွာစီထောက်ကော်မတီဥက္ကဌ

၁။ဦးတင်ထွန်း

၂။ဒေါ်မြင့်မြင့်သန်း

ကျေးရွာစေတနာ့ဝန်ထမ်း

၁။ဦးအောင်ကိုဦး

၂။ဒေါ်သူဇာငြိမ်း

စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ

၁။ဦးတင်စိုး

၂။ဒေါ်တင်မိုးခိုင်

လည်ပတ်ထိန်းသိမ်းရေးကော်မတီ

၁။ဦးကျော်စွာဝင်း

၂။ဒေါ်တင်မိုးခိုင်

ဝယ်ယူရေးကော်မတီ

၁။ဦးမိုးကျော်နိုင်

၂။ဒေါ်ခင်နှောင်း

ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့

၁။ဦးဇော်ဦး

၂။ဒေါ်အေးသွယ်

ငွေစာရင်းကိုင်

၁။ဒေါ်သန်းသန်းဝင်း

ပါဝင်ဆွေးနွေးသူ

ကျား-၂၆ဦး

မ-၃၄ဦး

မှတ်တမ်းတင်သူ

အမည်-ဒေါ်လေးမြာစိန်

ရာထူး-လူထုစည်းရုံးရေးမှူး

# ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား

ကျေးရွာအုပ်စုစီထောက်ကော်မတီဥက္ကဌ

၁။ ဦးတင်ထွန်း

၂။ ဒေါ်စောမြ

ဘဏ္ဍာရေးဆပ်ကော်မတီ

ဥက္ကဌ

၁။ဦးစောလင်းကြည်

စာရင်းကိုင်

၁။ဒေါ်မြင့်မြင့်သန်း

အဖွဲ့ဝင် (ငွေထိန်း)

၁။ ဦးစိန်ဌေး

အုပ်စုကော်မတီအဖွဲ့ဝင်များ

၁။ဦးကျော်စိုး
၂။ဒေါ်တင်မေထွန်း
၃။ဦးသန့်ဇော်လင်း
၄။ဦးစံမြင့်သူ
၅။ဒေါ်အိအိဖြိုး
၆။ဦးမိုက်ကယ်ပီတာ
၇ ။ဒေါ်သော်တာဝင်း
၈။ဦးထိုးရယ်
၉။ဒေါ်အဲစတယ်
၁၀။ဒေါ်လောမြာ
၁၁။ဦးတီးမြန်း
၁၂။ဒေါ်နယဉ်
၁၃။ဒေါ်စောမြင့်ထွေး
၁၄။ဒေါ်တင်နွယ်ဝင်း
၁၅။ဦးလှဝင်းနိုင်
၁၆။ဦးယာယီ
၁၇။ဒေါ်အဲနာ
၁၈။ဦးထွန်းထွန်းစန်း
၁၉။ဒေါ်ဘော်မြာ
၂၀။ဦးဘိုးရယ်
၂၁။ဒေါ်ဖရေမြာ
၂၂။ဦးလှမြင့်
၂၃။ဒေါ်ဌေးကြည်
၂၄။ဦးထူးရယ်
၂၅။ဒေါ်ခင်စန်းကြည်
၂၆။ဦးဌေးမြင့်
၂၇။ဒေါ်တင်တင်ညို

ပါဝင်ဆွေးနွေးသူ-

ကျား-၃၂ဦး မ-၂၅ဦး

မှတ်တမ်းတင်သူ-

အမည်-ဒေါ်လေးမြာစိန် ရာထူး-လူထုစည်းရုံးရေးမှူး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် အမည် ဦးထွန်းမြင့် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09-428006514 | | လူထုစည်းရုံးရေးမှူး၏ အမည် |
| ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် ရွှေကျင် | ကျေးရွာအုပ်စု ဟောဗိတ | ကျေးရွာ – ကျောက်တောင် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၁၀၉ | ဘာသာ (၁) ဗုဒ္ဓ | ၁၂၃ |
| လူမျိုးစု (၂) ကရင် | ၆ | ဘာသာ (၂) ---- | |
| လူမျိုးစု (၃) ---- | | ဘာသာ (၃) ---- | |
| လူမျိုးစုရော ------------- | ၈ | ဘာသာရော ----------- | |
| စုစုပေါင်း | ၁၂၃ | | ၁၂၃ |
| | | | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၄ ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၂ ဦး | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၇၆ | ၂၆၀ |
| လူမျိုးစု (၁) ဗမာ | ၂၄၄ | ၂၃၃ |
| လူမျိုးစု (၂) ကရင် | ၁၈ | ၁၂ |
| လူမျိုးစု (၃) [illegible] | ၁၄ | ၁၅ |
| | | |
| | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၀၇ | ၁၆ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ ✓ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ ✓ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ ၃ဦး | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ ၅ဦး | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ ၂ဦး | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ ၆ဦး | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| **ကျောက်ခင်းလမ်း** | မြေသားလမ်း | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

| | ဝိုင်းပါ |
|---|---|
| (၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? | **ရှိပါသည်**/မရှိပါ/မသိပါ |
| (၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? | နှစ် ၂၀၀၇/မသိပါ |
| (၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? | **ပြုခဲ့ပါသည်**/မပြုခဲ့ပါ /မသိပါ |

(ဈ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် 0.5 /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/(ခြေလျင်)/လှည်း/မော်တော်ဘုတ်/

အခြား ----------------

မိုးရာသီတွင်ကြာချိန် ၁၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/(ခြေလျင်)/လှည်း/မော်တော်ဘုတ်/

အခြား ----------------

(ည) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ (ရှိပါသည်) ရှိလျှင်ဖော်ပြပါ ကမ်းပြိုတိုက်ခတ်သည့်ဘေးအန္တရာယ်

(ဋ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ဘုရားဂေါပကအသင်း

(၂) ----------------

(ဌ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်

အမည် ဦး [illegible]

လက်မှတ် [signature] နေ့စွဲ ၂၄.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး

အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၂၄.၁၀.၂၀၁၇

# ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်ဇေးဖြာခိုင် | | |
| နေ့စွဲ | ၈.၁၂.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဖောဗိဓာ | ကျေးရွာ ကျောက်တောင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၄.၁၀.၁၇ | ၂၄.၁၀.၁၇ | ၂၆ | ၃၄ | ၆၀ | ရှမ်း - ၄, ပအိုဝ်း - ၁ \| ကယား - ၃, ဗမာ - ၅၂ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၄.၁၀.၁၇ | ၂၄.၁၀.၁၇ | ၂၆ | ၃၄ | ၆၀ | ရှမ်း - ၄, ပအိုဝ်း - ၁ \| ကယား - ၃, ဗမာ - ၅၂ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၉.၁၁.၁၇ | ၉.၁၁.၁၇ | ၃၂ | ၂၅ | ၅၇ | ဗမာ - ၂၉, ပအိုဝ်း - ၄, ရှမ်း - ၄ \| မွန် - ၁, ကယား - ၁၃, [illegible] - ၁, [illegible] - ၅ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် | | | | | | \| |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ရေးဆွဲခြင်း | | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းစွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းစွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | | | |
|---|---|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဝေးမြာစိန် | | | | | |
| နေ့စွဲ ၈.၁၂.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ▢ စက်ဝန်း(၁) ✓စက်ဝန်း(၂) ▢ စက်ဝန်း(၃) ▢ စက်ဝန်း(၄) | | | |
| ပြည်နယ်/တိုင်း ကယား | | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု ဖလားဝိတ | ကျေးရွာ ဖာကုက်တောင် | |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁။ | မိုးတွင်းကာလ ရွာတွင်းသွားလာရ ခက်ခဲခြင်း | ၁။ | မိုးတွင်းကာလတွင် ရွာတွင်းသွားလာရ ခက်ခဲခြင်း |
| ၂။ | လူထုအင်အားမလုံလောက်ခြင်းကြောင့် မျှော်မှန်းချက် မဖြစ်မြောက်နိုင်ခြင်း | ၂။ | ရေလုံလောက်မှုမရှိခြင်းကြောင့် သောက်ရေ၊ သုံးရေ၊ မီးသေအတွက် ခက်ခဲခြင်း။ |
| ၃။ | လူကြီး/ငယ် စာပေဗဟုသုတ နည်းပါးခြင်းကြောင့် ခေတ်နှင့်အညီ ဉာဏ်မမှီနည်းပါး | ၃။ | ကလေးများအတွက် မူကြိုကျောင်းမရှိ၍ မိခင်များ တစ်ဖက်တစ်လမ်းမှ ဝင်ငွေမရှာဖွေနိုင်ခြင်း |
| ၄။ | သောက်ရေ၊ သုံးရေ၊ မီးသေအတွက်ရေ လုံလောက်မှုမရှိခြင်း။ | ၄။ | ကျေးရွာတွင်း ဗဟုသုတနည်းပါးခြင်း။ |
| ၅။ | ကလေးပညာရေး ဖွံ့ဖြိုးမှုနည်းခြင်း | ၅။ | ကျေးရွာလူငယ်များ အားကစား ဖွံ့ဖြိုးမှု အားနည်းခြင်း။ |
| ၆။ | လူငယ်များ အားကစားဖွံ့ဖြိုးရေး အားနည်းနေသေးခြင်း။ | ၆။ | အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်း မရှိ၍ တစ်ဖက်တစ်လမ်းမှ ဝင်ငွေမရှာဖွေနိုင်ခြင်း။ |
| ၇။ | စိုက်ပျိုးရေးနည်းပညာမရှိခြင်း | | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁။ | လမ်းကောင်းမွန်လာခြင်းဖြင့် သွားလာရ အဆင်ပြေလာစေရန်။ | ၁။ | လမ်းကောင်းမွန်လာခြင်းဖြင့် အမျိုးသမီး နှင့်ကလေး သွားလာရေး အဆင်ပြေလာစေရန်။ |
| ၂။ | လူထု အင်အား တောင့်တင်းလျှင် သာသာယာယာ စည်းကားအောင် ဖြစ်လာနိုင်မည်။ | ၂။ | ရေလုံလောက်မှုရှိလျှင် သောက်ရေ၊ သုံးရေ၊ မီးသေအတွက် အဆင်ပြေစေရန်။ |
| ၃။ | ရွာလူထု စာပေဗဟုသုတကြွယ်ဝခြင်းဖြင့် ရပ်ရွာအကျိုး ကောင်းရွာ အထင်ပိုမိုကောင်းစေရန် | ၃။ | မူကြိုကျောင်းရှိခြင်းဖြင့် မိခင်များ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာဖွေနိုင်ပြီး မိသားစု စားဝတ်နေရေး ပိုမို အဆင်ပြေစေမည်။ |
| ၄။ | ရေလုံလောက်မှုရှိခြင်းဖြင့် သောက်ရေ၊ သုံးရေ၊ မီးသေအတွက် မခက်ခဲရမည်။ | ၄။ | ရွာလူထု ဗဟုသုတကြွယ်ဝခြင်းဖြင့် ရပ်ရွာအကျိုးကို အထင်ပိုတက်တွင် ပံ့ပိုးကူညီပေးနိုင်မည်။ |
| ၅။ | လူငယ်များအတွက် အားကစားကွင်းတွင် စိတ်ဝင်စားလာခြင်းဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင် | ၅။ | လူငယ်များ အားကစားတွင် ပိုမိုအားသန်လာစေရန်။ |
| ၆။ | စိုက်ပျိုးရေး နည်းပညာရရှိလျှင် ပိုမိုများပြားစွာ ဖြစ်ထွန်းစိုက်ပျိုးလာနိုင်မည်။ | ၆။ | အမျိုးသမီးများ အလုပ်အကိုင် ရှိခြင်းဖြင့် ဝင်ငွေရရှိ၍ မိသားစု စားဝတ်နေရေး ပိုမိုအဆင်ပြေမည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ဗျာကျင်း ယပ် ၊ ခင်းကျင်းခြင်း | က+မ | | ၅၃၉ ဦး |
| ၂ | ခါးမ ချောင်တည် ဆောက်ခြင်း | က+မ | | ၅၃၉ ဦး |
| ၃ | ရေကြို ကျောက်တည် ဆောက်ခြင်း | က+မ | | ၅၃၉ ဦး |
| ၄ | ကျောညှိ တိုက်တည် ဆောက်ခြင်း | က+မ | | ၅၃၉ ဦး |
| ၅ | ဘောလုံး ကွင်း ပြုပြင်ခြင်း | က+မ | | ၅၃၉ ဦး |
| ၆ | | | | / |
| ၇ | | | | |
| ၈ | | | | |

ဃ။ လုထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ ၁။ | ကျေးရွာ ဓမ္မာရုံ ပြုပြင်ခြင်း | က | |
| ၂ ၂။ | ဘုန်းကြီး ကျောင်း ပြုပြင်ခြင်း | က | |
| ၃ ၃။ | ကျေးလက် ဆေးခန်းတည် | မ | |
| ၄ | ဆောက်ခြင်း၊ ဒုတိ ကျန်းမာရေး | | |
| ၅ | အသိပညာ ပေးခြင်း | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ........ဒေါ်တင်နွယ်ဝင်း..... လက်မှတ် ........[illegible]................ နေ့စွဲ......၈.၁၂.၂၀၁၇......

......ဟောဇိတ နှင့် ဒုတိယကျောက်တောင် ကျေးရွာ......အစည်းအဝေးအစီရင်ခံစာ

| | | | | | |
|---|---|---|---|---|---|
| နေ့ရက် | ၂၄.၁၀.၂၀၁၇ | အချိန် | ၆:၀၀ မှ | ၉:၃၀ | ထိ |
| နေရာ | ဘုန်းကြီးကျောင်း | ကျေးရွာအုပ်စု/ကျေးရွာ | ဟောဇိတ ၊ ကျောက်တောင် | | |
| မြို့နယ် | ဖျိုင်ကော် | ပြည်နယ် | ကလော | | |

အစည်းအဝေးအစီအစဉ်

| | |
|---|---|
| ၁ | စီမံကိန်းမိတ်ဆက်ခြင်း၊ စီမံကိန်းစက်ဝန်း၊ အဓိက တာဝန် နှင့် တာဝန်ဝတ္တရားများ ခွဲဝေခြင်း။ |
| ၂ | လူမှုအခန်းစစ်ခြင်း။ |
| ၃ | အခက်အခဲများ၊ အားသာချက်များ၊ လိုအပ်ချက်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းခွဲများ ရွေးချယ်ခြင်း။ |
| ၄ | စေတနာ့ဝန်ထမ်း နှင့် ကော်မတီများ ပြန်လည် အတည်ပြု ဖွဲ့စည်းခြင်း။ |
| ၅ | |

| ဆွေးနွေးသည့်အကြောင်းအရာများ | ဦးဆောင်ဆွေးနွေးသူ |
|---|---|
| - စီမံကိန်း၏ အကြောင်း မိတ်ဆက်ခြင်း၊ စီမံကိန်းစက်ဝန်း၊ အကြောင်း ရှင်းလင်းခြင်း နှင့် တာဝန်ရှိသူ၏ တာဝန်ဝတ္တရားများ ရှင်းပြဆွေးနွေးခြင်း။ | - ဒေါ်စေးမြာစိန် |
| - လူမှုရေး အရင်းအမြစ်ပြ မြေပုံရေးဆွဲခြင်း၊ ရာသီစက်ဝန်းပြ ပြက္ခဒိန်ရေးဆွဲခြင်း နှင့် သုံးသပ်ချက်များ ဖော်ထုတ်ခြင်း။ ဥစ္စာဓနကြွယ်ဝမှုအဆင့် ဆွေးနွေးခြင်း နှင့် သုံးသပ်ခြင်း၊ ပိုင်ဆိုင်မှု သုံးသပ်ခြင်း၊ ဗင်းပုံ နှင့် ပင့်ကူအိမ် သုံးသပ်ခြင်း၊ ကျေးရွာ အခက်အခဲများ၊ လိုအပ်ချက်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းခွဲများ ရွေးချယ်ခြင်း၊ ကော်မတီများ၏ တာဝန်ဝတ္တရားများ ချပြပြီး ကော်မတီဖွဲ့ရန် လည်း အတည်ပြု ရွေးချယ်ခြင်းဖြင့် လုပ်ခဲ့ပါသည်။ | - ဒေါ်ဇရေမြာ |

ဆွေးနွေးဆုံးဖြတ်ချက်များ- ဒုတိယနှစ်စက်ဝန်း ကော်မတီဝင်များ မှာ

အကြံပြုချက်များ- ရှေ့ဆက် အစည်းအဝေး နှင့် လုပ်ငန်းခွဲ အကောင်အထည်ဖော်ခြင်းတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ကြရန် လိုအပ်ပါသည်။

မှတ်တမ်းပြုစုသူ - ဒေါ်စေးမြာစိန်

ရာထူး - လူထုစည်းရုံးရေးမှူး

# ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄)　　ခြားနားသောအပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနစ်ချုပ်မှုရင်းအား VPSC တွင်ထားရှိရပါမည်။အခြားဌနဆိုင်ရာများနှင့်ညှိနှိုင်းရန်အတွက်မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS Data အဖြစ်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | ဦးစားပေး | လ/နှစ် | ကျေးရွာမှတာဝန်ခံသူ(သို့)အုပ်စု | ပြင်ပမှမည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ခန်းမဆောင်တည်ဆောက်ခြင်း | မ (√ )<br>ကျား(√ ) | | | |
| | ၂ | မူကြိုကျောင်းတည်ဆောက်ခြင်း | မ (√ )<br>ကျား(√ ) | | | |
| | ၃ | စာကြည့်တိုက်တည်ဆောက်ခြင်း | မ (√ )<br>ကျား(√ ) | | | |
| | ၄ | ဓမ္မရုံတည်ဆောက်ခြင်း | မ (√ )<br>ကျား(√) | | | |
| | ၅ | ဘုန်းကြီးကျောင်းပြုပြင်ခြင်း | မ (√ )<br>ကျား(√ ) | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား() | | | |
| | | | | | | |
| ကျန်းမာရေးနှင့်အာဟာရ | ၁ | ကျေးလက်ဆေးခန်းနှင့်ကျန်းမာရေးအသိပညာပေးခြင်း | မ (√ )<br>ကျား(√ ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( ) | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့်အားကစား | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ပညာရေး | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အခြား | ၁ | ရွာတွင်းကျောက်ချောခင်းကျင်းခြင်း | မ(√ )<br>ကျား(√ ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |

# ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

| စဉ် | လုပ်ငန်းအမည် | ဦးစားပေး အဆင့် | အဆိုပြုသူ (ကျား) | အဆိုပြုသူ (မ) | အဆိုပြုသူ (ကျား+မ) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ရွာတွင်းကျောက်ချောလမ်း | ၁ | | | √ | |
| ၂။ | ခန်းမဆောင်တည်ဆောက်ခြင်း | ၂ | | | √ | |
| ၃။ | မူကြိုကျောင်းတည်ဆောက်ခြင်း | ၃ | | | √ | |
| ၄။ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၄ | | | √ | |
| ၅။ | ဘောလုံးကွင်းပြုပြင်ခြင်း | ၅ | | | √ | |
| ၆။ | | | | | | |
| ၇။ | | | | | | |
| ၈။ | | | | | | |
| ၉။ | | | | | | |
| ၁၀။ | | | | | | |
| ၁၁။ | | | | | | |
| ၁၂။ | | | | | | |
| ၁၃။ | | | | | | |

ပါဝင်ဆွေးနွေးသူ

ကျား - ၂၆ဦး

မ - ၃၄ဦး

မှတ်တမ်းတင်သူ

ရာထူး-ဒေါ်လေးမြာစိန်

အမည်-လူထုစည်းရုံးရေးမှူး

## လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



